ရွှေအိမ်မှူးစာပေ

# အသည်းကွဲလူရှင်တော်

လုံးချင်းဝတ္ထုသစ်



# အခန်း(၁)

မိုးတွေအုံ့မှ ိုင်းနေသော တနင်္ဂနွေမနက်ခင်းတစ်ခုမှာ နိုးထလာရတာကို မင်းဝေက စိတ်ပျက်လက်ပျက် ဖြစ်နေမိသည် ။ သူက အိပ်ရာမှ နိုးနိုးချင်း ကောင်းကင်ကြီးတစ်ခုလုံး မှောင်နေတာမျိုးကို မကြိုက်ပေ။ အိပ်ရေးဝနေပြီဖြစ်သော်လည်း အရောင်ခပ်မှ ိုင်းမှ ိုင်း မိုးသားများကြောင့် သူ့စိတ်တွေ မကြည်လင်ဘဲ ထလာရ၏။ စားပွဲပေါ်မှ နာရီကို လှမ်းကြည့်လိုက်တော့ ကိုးနာရီတောင်ခွဲနေပြီ။ မင်းဝေက မထသေးဘဲ လက်နှစ်ဖက်ကို ဆန့်တန်းရင်း အားရပါးရ သမ်းဝေလိုက်သည် ။ သူသည် ဒီလိုတနင်္ဂနွေနေ့မျိုးတွင် အိပ်ရေးဝဝ အိပ်ခွင့်ရတတ်၏။

သူက ဒုတိယနှစ် ဆေးကျောင်းသားတစ်ယောက် ...။ ဒါကြောင့် သူ့မှာ ဆေးကျောင်းသား၊ ကျောင်းသူတို့ ၏ ထုံးစံအတိုင်း အမြဲလိုလို ကျောင်းစာများ နှင့် နပမ်းလုံးနေရပြီး မနက်ဆိုလည်း အိပ်ရာမှ စောစောထရလေ့ရှိသည် ။

ထိုစဉ် ... သူ့အိပ်ခန်း၏ ခန်းစီးစလေးက လွင့်ခနဲ လှုပ်ရမ်းသွားကာ ဖေဖေ့မျက်နှာကြီး ပေါ်လာ၏။

"သား ... နိုးပြီလား"

"ဟုတ် ... နိုးပါပြီ"

သူက ပြန်ဖြေရင်း တစ်ဆက်တည်း လှဲနေရာမှ ထလိုက်ပါသည် ။

ဖေဖေသည် သူ့ကို ပြုံးပြီးကြည့်နေ၏။ သူ့မှာ အစ်ကိုတစ်ယောက်ရှိခဲ့ဖူး ပေမယ့် အခုတော့ ကိုကိုသည် မိန်းမတစ်ဦးကြောင့် အရက်စွဲကာ ကွယ် လွန်ခဲ့ရသည် ။ မေမေကလည်း သူ့ကို မွေးဖွားပြီး နာရီပိုင်းအတွင်းမှာ ပ င် အသက်ဆုံးရှုံးခဲ့ရတာမို့ အဖေတစ်ခု၊ သားတစ်ခုဘဝတွင် ဖေဖေသည် သူ့အပေါ်အမြဲ အရိပ်ရိပ်ကြည့်ကာ ဂရုစိုက်တတ်ပါသည် ။ ကိုကိုမရှိ တော့သည့် နောက်တွင် ခေတ်ပညာတတ်မရှိသော သူတို့ ဆွေမျိုးများကြားတွင် မင်းဝေကို ဖေဖေက ဆရာဝန်တစ်ယောက်ဖြစ် စေချင်၏။ ဖေဖေကတော့ နိုင်ငံကျော် လူရွှင်တော်ကြီးတစ်ဦးဖြစ်သည် ။ လူရွှင်တော်ကြီး ဦးကြာရိုးဆိုလျှင် အရပ်ထဲတွင် မသိသူမရှိပေ။

သို့သော် လွန်ခဲ့သော ရှစ်နှစ်ခန့်က စက်မှုတက္ကသိုလ်ကျောင်းသား ကိုကိုမင်းနွေ ဆုံးသွားခဲ့ရာ ဖေဖေသည် လူရွှင်တော်အလုပ်ကို အပြီးအ ပိုင် စွန့်လွှတ်ခဲ့ပါသည် ။ အဲဒီအချိန်က သူသည် ငါးတန်းကျောင်းသားတ စ်ဦးမျှသာ ရှိသေး၏။ ကိုကိုနှင့်သူ အသက်ခုနစ်နှစ်ကျော် ကွာသည် ။ ထို အချိန်မှ စ၍ ဖေဖေက လူရွှင်တော်အလုပ်ကို အနားယူလိုက်ပြီး အိမ်မှာ ပဲ စာအုပ်နှင့် တိပ်ခွေအငှားဆိုင်လေးဖွင့်ကာ သူ့ကို ခုလို ဆေးကျောင်း သားဖြစ်သည် အထိ ပညာသင်ပေးခဲ့သည် ။

“ဒီမှာ သားနာမည်နဲ့ စာတစ်စောင်ရောက်နေတယ်”

ဖေဖေက အပြာရောင် စာအိတ်လေးတစ်အိတ်ကို ထောင်ပြရင်း ပြော၏။ သူ နည်းနည်းတော့ အံ့သြသွားပါသည် ။ ဖေဖေသည် စာကို သူ့ ဆီကမ်းပေးလိုက်၏။

“ရော့… သားရဲ့ စာ၊ မျက်နှာသစ်ပြီးရင် ထမင်းစားခန်းကိုလာခဲ့၊ သားကြိုက်တဲ့ ငချိတ်ပေါင်းကို ငါးကြော်ကြွပ်ကြွပ်လေးနဲ့ ဖေဖေ စီစဉ် ထားတယ်၊ အဲ … စားပြီးသွားရင် ငါ့သား စာကြည့်တော့ ဟုတ်ပြီလား”

မင်းဝေသည် ဖေဖေ့စေတနာနှင့် သားတစ်ယောက်အပေါ် ထားရှိသော လောဘ ... အစွန်းနှစ်ဖက်စလုံးကို မြင်တွေ့နေရသဖြင့် ပြုံးမိသွား၏။ ဖေဖေ ပြန်ထွက်သွားတော့မှ မင်းဝေသည် သူ့လက်ထဲက စာအိတ်အပြာရောင်လေးကို ငုံ့ကြည့်လိုက်မိသည် ။ သူ့နာမည်နှင့်အတူ သူတို့ စာအုပ်အငှားဆိုင် နာမည်ဖြစ်သော “ရွှေမြို့တော်စာပေ” ဆိုသည့် အမည်လေးကိုပါ ပူးတွဲတွေ့လိုက်ရသောကြောင့် သူပိုပြီး အံ့ဩသွားပါ၏။ ပြီးတော့လည်း အထဲမှာ ပါသည် ဟု မထင်ရလောက်အောင် တကယ့်ကို ပါးပါးလေးဖြစ်သည် ။

စာအိတ်အပြာရောင်လေးကို မင်းဝေက ဖောက်ကြည့်လိုက်သည် ။ သူ့ရင်တွေခုန်နေ၏။ ထူးခြားမှုက စာအိတ်ထဲမှ ထွက်လာသောအရာသည် စာတစ်စောင်မဟုတ်ဘဲ လိပ်စာကဒ်လေးတစ်ခုဖြစ်နေ၏။ သူက လိပ်စာကဒ်လေးကို အလျင်စလို ကြည့်လိုက်ပြန်သည် ။

ဟောဗျာ ...။

မင်းဝေ တွေ့လိုက်ရသည် မှာ သူ့ရဲ့ လိပ်စာကဒ်ဖြစ်နေလေသည် ။



ဘယ်သူကများ သူ့ရဲ့ လိပ်စာကဒ်ကို သူ့ဆီပြန်ပို့ပေးတာပါလိမ့်။ ပေးပို့သူ၏ လိပ်စာကို သိချင်စိတ်ဖြင့် မင်းဝေက စာအိတ်နောက်ကျောဘက်ကို ရှာကြည့်မိသည် ။ မတွေ့ရ ...။ သူက စဉ်းစားနေလိုက်၏။

ပုံမှန်ဆို မင်းဝေဆီမှာ လိပ်စာကဒ်တွေ၊ ဘာတွေရှိတာမဟုတ်။ ဒါပေမဲ့ ပြီးခဲ့သော ပထမနှစ်တုန်းက သူ့သူငယ်ချင်း တင်မောင်ထွေးဆိုသည့်ကောင်က မြို့ထဲမှာ ကွန်ပျူတာဆိုင်တစ်ဆိုင်ဖွင့်၏။ အဲဒီကောင်က သူ့ဆိုင်ကို အတင်းအားပေးခိုင်းသဖြင့် မင်းဝေက အားနာပါးနာနဲ့ တင်မောင်ထွေးရဲ့ ဆိုင်မှာ လိပ်စာကဒ်ဆယ့်နှစ်ခုတိတိကို လုပ်ခိုင်းခဲ့ခြင်းဖြစ်သည် ။

ထိုလိပ်စာကဒ်တွေကိုလည်း သူက ဘယ်သူ့ကို ဘယ်မှာ ပေးခဲ့မှန်းမမှတ်မိတော့ချေ။ သူ့ဆီမှာ တောင် တစ်ခုမှ မကျန်တော့ ...။ အခု ထိုလိပ်စာကဒ်ဆယ့်နှစ်ခုထဲမှာ တစ်ခုက သူ့ထံကို စာတိုက်မှ တစ်ဆင့် ပြန်ရောက်ခဲ့ပြီ။ မင်းဝေက သူ့လိပ်စာကဒ်ကို ဘာအဓိပ္ပာယ်နဲ့ သူ့ဆီပြန်ပို့ပေးခဲ့သလဲဆိုတာ အဖြေရှာမရနိုင်ဘဲရှိသည် ။ ရုတ်တရက် သူက လိပ်စာကဒ်လေးကို တစ်ဖက်သို့ လှည့်ကြည့်လိုက်မိ၏။ လိပ်စာကဒ်နောက်ကျောဘက်မှာ လက်ရေးစောင်းစောင်းများ နှင့် ရေးထားသော စာတွေကို သူတွေ့ရလေသည် ။

> ဟိတ် ... မင်းဝေ
> ကိုယ့်ရဲ့ လိပ်စာကဒ်ကို တန်ဖိုးမထားတဲ့ လူလက်ထဲ
> နောက်တစ်ခါ မရောက်ပါစေနဲ့ ။
> R . C ရှေ့ပေါက်ဝမှာ ဟိုလူကတကာ်နင်း၊ ဒီလူကျော်ခွနဲ့
> အမြင်မတော်လို့
> (အဓိက ကတော့ ယောကျ်ားလေးဆိုတော့ ဘုန်းနိမ့်မှာ စိုးလို့ ပါ)

ကောက်ပြီးပြန်ပို့ပေးလိုက်တယ်။ ကျေးဇူးတင်ရန်မလိုပါ။

စာကဒါပဲ။ အောက်က ရေးတဲ့ လူရဲ့ နာမည်ကို ကြည့်လိုက်တော့ ကွက်လပ်သာဖြစ်နေ၏။ သူသည် ထိုစာကို ရေးသူ ဘယ်သူမှန်းမသိသော်လည်း ကောင်မလေးတစ်ယောက်ဟု အသေအချာကြီး ယုံကြည်ပစ်လိုက်ပါသည် ။

နောက် ... မင်းဝေက သူ့ဆီ လိပ်စာကဒ်လေးကို ပြန်ပို့ပေးလိုက်သည့် တစ်စုံတစ်ဦး၏ စိတ်ကူးလေးကိုလည်း ချစ်မိသွား၏။ လမ်းပေါ်မှာ လိပ်စာကဒ်တစ်ခုကို ကောက်တွေ့ရုံနဲ့ ဘယ်သူဟာ အခုလို စိတ်ကူးမိနိုင်မှာ လဲ။ မဟုတ်ဘူး လား။

သူက တစ်ယောက်တည်း ကျေနပ်စွာပြုံးရင်း စာအိတ်အပြာရောင်လေးကို စားပွဲပေါ်သို့ လှမ်းတင်ထားလိုက်သည် ။ ထိုအခိုက် ဖေဖေ့ဆီမှ “သားရေ ... မပြီးသေးဘူးလား” ဆိုသည့် အသံကြီးကြောင့် သူအမြန်ထကာ မျက်နှာသစ်ရန် ရေချိုးခန်းထဲ ဝင်ရတော့၏။

ဘာပဲဖြစ်ဖြစ် ထိုနေ့က အညိုရောင်မိုးသားများကြောင့် စိတ်မကြည်မသာဖြစ်နေသော မင်းဝေမှာ အမည်မသိသူတစ်ယောက်က လိပ်စာကဒ်လေးကို ပြန်ပို့ပေးလိုက်သည့်အတွက် သူ့စိတ်တွေ လန်းဆန်းကြည်လင်လာခဲ့သည် ။ ဘယ်သူမှန်းမသိပေမယ့် ထိုသူကို မင်းဝေ ကျေးဇူးတင်နေမိ၏။

လူတစ်ယောက်၏ အမှတ်တမဲ့ လုပ်ရပ်လေးတစ်ခုသည် တခြားတစ်ယောက်ရဲ့ ရင်ထဲကို တိုက်ဆိုင်စွာ အမှတ်တရ ရောက်သွားဖို့ ဆိုတာများ စွာသော မဖြစ်နိုင်ခြင်းတွေထဲက တစ်ခုဖြစ်လေသည် ။

*